## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ

## တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ အား လက်ခံတွေ့ဆုံ

နေပြည်တော်- ဇူလိုင်လ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အတူ တတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး၊ (၂၈)ရက်မြောက် နေ့သို့ လာရောက်လေ့လာသည့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မြန်မာ့လက်ရွေးစင် အားကစား သမားဟောင်းများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(င)ဆောင်၊ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ တောင်သူလယ်သမားများ ဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာ့ လက်ရွေးစင်အားကစားသမားဟောင်းများက တစ်ဦးချင်းမိတ်ဆက်ကာ ဆောင်ရွက်နေ သည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပါသည်။

ၾင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏လုပ်ငန်းစဉ်များ၊ ဥပဒေ ပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်းဆောင်ရွက်နေမှုများအား အသေးစိတ် ရှင်းလင်းပြောကြားပါသည်။ ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင် ရေးအတွက် အထောက်အကူပြုနိုင်ရန် ကော်မတီ (၂၂) ခု ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါ ကော်မတီများတွင် တောင်သူလယ်သမားရေးရာကော်မတီနှင့် ကျန်းမာရေးနှင့် အားကစား

ဆိုင်ရာကော်မတီများလည်း ပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသူများ အနေဖြင့် မိမိတို့၏အခက်အခဲ၊ ဆောင်ရွက်လိုသည့်ကိစ္စရပ်များအား လွှတ်တော်မှ ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုပါကော်မတီများဖြင့် ဆက်သွယ်တင်ပြနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်များသည် တောင်းဆိုသူပြည်သူများနှင့် ဆောင်ရွက်ပေးရမည့် အစိုးရ အကြား ပေါင်းကူးပေးရသည့် နေရာဖြစ်ပါကြောင်း၊ မိမိတို့၏အခက်အခဲများကို တင်ပြ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကအမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ လွှတ်တော်အား လာရောက်လေ့လာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယနေ့မွန်းလွဲပိုင်းတွင်လည်း ပြည်သူ့ လွှတ်တော်ဧည့်ခန်းမ၌ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီး က ၎င်းကိုယ်တိုင်ရေးသားပြီး စာပေဗိမာန် စာမူဆုနှင့် ပခုက္ကူ ဦးအုန်းဖေစာမူဆုရရှိသည့်စာအုပ်များအားလွှတ်တော်စာကြည့်တိုက်များအတွက် ပေးအပ် လှူဒါန်းရာ လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ပါသည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**